ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# အမိန့်ကြော်ငြာစာအမှတ် ( ၁ / ၂၀၁၈ )

၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်
(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်)

## ရေနံ (သို့မဟုတ်) ရေနံထွက်ကုန်စည် (သို့မဟုတ်) ဓာတ်ငွေ့ရည် (သို့မဟုတ်) လောင်စာဆီများ ရေယာဉ်ချင်းကပ်လျက် လွှဲပြောင်းမှုများ ဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စည်းကမ်းသတ်မှတ်ချက်များ

၁။ ဤအမိန့်ကြော်ငြာစာအား ရေနံနှင့် ရေနံထွက် ပစ္စည်းဆိုင်ရာဥပဒေ ပုဒ်မ ၉(င) အရ ရေယာဉ်ချင်းကပ်လျက် လွှဲပြောင်းမှု ဆောင်ရွက်ရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းချက်များကို သတ်မှတ်ထုတ်ပြန်လိုက်သည်။

၂။ ဤအမိန့်ကြော်ငြာစာအရ ထုတ်ပြန်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းချက်များသည် ရေနံ (သို့မဟုတ်) ရေနံထွက်ကုန်စည် (သို့မဟုတ်) ဓာတ်ငွေ့ရည် (သို့မဟုတ်) လောင်စာဆီများ ရေယာဉ်ချင်း ကပ်လျက် လွှဲပြောင်းမှုများနှင့် သက်ဆိုင်စေရမည်။ အဆိုပါ လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းချက်များသည် မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးထားသော အပြည်ပြည်ဆိုင်ရာရေထုညစ်ညမ်းမှု ကာကွယ်တားဆီးရေးသဘောတူညီချက်၏ နောက်ဆက်တွဲ (၁) (MARPOL Annex I) အရ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

### ကြိုတင်သတင်းပို့ခြင်းနှင့် ခွင့်ပြုချက်ရယူခြင်း

၃။ တွင်းတူးစင်များသို့ လောင်စာဆီ လွှဲပြောင်းမှုဆောင်ရွက်ခြင်းမှအပ မြန်မာ့ရေပြင်အတွင်း ရေနံ (သို့မဟုတ်) ရေနံထွက်ကုန်စည် (သို့မဟုတ်) ဓာတ်ငွေ့ရည် (သို့မဟုတ်) လောင်စာဆီများ အား ရေယာဉ်ချင်းကပ်လျက်လွှဲပြောင်းမှု လုပ်ငန်းများအတွက် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ ခွင့်ပြုချက်ရယူဆောင်ရွက်ရမည်။

၄။ မြန်မာ့ရေပြင်အတွင်း ရေနံ (သို့မဟုတ်) ရေနံထွက်ကုန်စည် (သို့မဟုတ်) ဓာတ်ငွေ့ရည် (သို့မဟုတ်) လောင်စာဆီများအား ရေယာဉ်ချင်းကပ်လျက်လွှဲပြောင်းမှု ဆောင်ရွက်လိုပါက ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ အောက်ပါသတ်မှတ်ချက်များအတိုင်း ကြိုတင်သတင်းပို့/ လျှောက်ထားရမည်-

(က) ဆိပ်ကမ်းဧရိယာ အတွင်း လောင်စာဆီ လွှဲပြောင်းတင်/ချခြင်း အပါအဝင် ရေယာဉ်ချင်းကပ်လျက်လွှဲပြောင်းမှုဆောင်ရွက်လိုပါက မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှသတ်မှတ်ထုတ်ပြန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည့်အပြင် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ အနည်းဆုံး (၄၈) နာရီ ကြိုတင်၍ သတင်းပို့ရမည်။

(ခ) ဆိပ်ကမ်းဧရိယာပြင်ပတွင် လောင်စာဆီ လွှဲပြောင်းတင်/ချခြင်း အပါအဝင် ရေယာဉ်ချင်းကပ်လျက်လွှဲပြောင်းမှု ဆောင်ရွက်လိုပါက သတ်မှတ်ထားသော ဧရိယာအတွင်း၌သာဆောင်ရွက်ရမည်။ ထိုသို့ ဆောင်ရွက်လိုပါ က အသေးစိတ်ဆောင်ရွက်မည့် အစီအမံများအား တင်ပြပြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန သို့ အနည်းဆုံး (၇၂) နာရီ ကြိုတင် လျှောက်ထား၍ ခွင့်ပြုချက်ရယူထားရမည်။

(ဂ) အကယ်၍ ရေယာဉ်ချင်း ကပ်လျက် လွှဲပြောင်းမှုအား ရေယာဉ်တစ်စင်းပြီးတစ်စင်း ဆက်တိုက်ဆောင်ရွက်လိုပါက ပထမအကြိမ် လွှဲပြောင်းမှုမစတင်မီ အနည်းဆုံး (၁၀) ရက် ကြိုတင်လျှောက်ထား၍ ခွင့်ပြုချက်ရယူနိုင်သည်။

(ဃ) လောင်စာဆီ လွှဲပြောင်းတင်/ချခြင်း အပါအဝင် ရေယာဉ်ချင်းကပ်လျက် လွှဲပြောင်းမှုများ အား သတ်မှတ်ထားသော ဧရိယာအတွင်းမှလွဲ၍ ဆောင်ရွက်ခြင်း မရှိစေရ။

၅။ အပိုဒ်(၄)ပါအတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိသည့် ရေယာဉ်ချင်းကပ်လျက်လွှဲပြောင်းမှု မှန်သမျှတရားမဝင်ကုန်စည်လွှဲပြောင်းမှုအဖြစ် သတ်မှတ်၍ တည်ဆဲဥပဒေများအတိုင်း အရေးယူခြင်းခံရမည်။

၆။ ရေယာဉ်ချင်းကပ်လျက် လွှဲပြောင်းမှုလုပ်ငန်းများ ဆောင်ရွက်နိုင်မည့် နေရာများအား အခါအားလျော်စွာ ဤအမိန့်ကြော်ငြာစာထုတ်ပြန် သတ်မှတ်နိုင်သည်။

၇။ မြန်မာနိုင်ငံနှင့် နိုင်ငံခြားအလံ လွှင့်ထူထားသော ဆီတင်သင်္ဘောများနှင့် ဆီတွဲများသည်လည်း MARPOL Annex I တွင် ဖော်ပြထားသည့် ရေယာဉ်ချင်းကပ်လျက် လွှဲပြောင်းမှုဆိုင်ရာ ပြဋ္ဌာန်းချက်များအား အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(က) နိုင်ငံခြားအလံ လွှင့်ထူထားသည့် လုံးပေါင်းတန်ချိန် ၁၅ဝ နှင့် အထက် ဆီတင်သင်္ဘောများသည် အပြည်ပြည်ဆိုင်ရာ ရေထုညစ်ညမ်းမှု ကာကွယ်တားဆီးရေး သဘောတူညီချက်၏ နောက်ဆက်တွဲ (၁)၊ စည်းမျဉ်းဥပဒေ ၄ဝ (MARPOL Annex I, Regulation 40) ပါ ပြဋ္ဌာန်းချက်အရ သက်ဆိုင်ရာ ရေကြောင်းအာဏာပိုင် အဖွဲ့အစည်းအသီးသီးက အတည်ပြုပေးထားသည့် ရေယာဉ်ချင်းကပ်လျက် လွှဲပြောင်းမှုလုပ်ငန်းစဉ် စီမံချက်များအား သယ်ဆောင်ထားရှိရမည်။

(ခ) မြန်မာနိုင်ငံအလံ လွှင့်ထူထားသည့် လုံးပေါင်းတန်ချိန် ၁၅ဝ နှင့်အထက် ဆီတင်သင်္ဘောများသည် အပြည်ပြည်ဆိုင်ရာ ရေထုညစ်ညမ်းမှု ကာကွယ်တားဆီးရေး သဘောတူညီချက်၏ နောက်ဆက်တွဲ (၁)၊ စည်းမျဉ်းဥပဒေ၄ဝ၊ (MARPOL Annex I, Regulation 40) ပါ ပြဋ္ဌာန်းချက်အရ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက အတည်ပြုပေးထားသည့် ရေယာဉ်ချင်းကပ်လျက် လွှဲပြောင်းမှုလုပ်ငန်းစဉ် စီမံချက်များအား ရေးဆွဲထားရှိရမည်။ အဆိုပါ စီမံချက်အား ၂၀၁၈ ခုနှစ်၊ ဧပြီလ (၁)ရက်နေ့ နောက်ပိုင်း ပထမဦးဆုံး ပြုလုပ်သော တိုင်းတာစစ်ဆေးမှု ခံယူချိန်တွင် သယ်ဆောင်ထားရှိပြီး ဖြစ်ရမည်။

၈။ ရေယာဉ်ချင်းကပ်လျက် လွှဲပြောင်းမှု ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ချမှတ်ရာတွင် သင်္ဘောပိုင်ရှင်နှင့် သင်္ဘောများ၊ လုပ်ငန်းဆောင်ရွက်သူများအနေဖြင့် အပြည်ပြည်ဆိုင်ရာသင်္ဘောလုပ်ငန်းအသင်း (International Chamber of Shipping - ICS) နှင့် ရေနံကုမ္ပဏီများ၏ အပြည်ပြည်ဆိုင်ရာရေကြောင်းဖိုရမ် (Oil Companies' International Marine Forum - OCIMF) တို့မှ ပူးတွဲထုတ်ဝေသည့် ရေယာဉ်ချင်းကပ်လျက် လွှဲပြောင်းမှုလမ်းညွှန် (Ship-to-Ship Transfer Guide for Petroleum, Chemicals and Liquefied Gases) နှင့် အပြည်ပြည် ဆိုင်ရာရေကြောင်းအဖွဲ့ချုပ် (International Maritime Organization - IMO) မှ ထုတ်ဝေသည့် ဆီယိုဖိတ်မှုဆိုင်ရာလက်စွဲ (Manual on Oil Pollution) တို့အား ထည့်သွင်းစဉ်းစား၍ ရေးဆွဲထားရှိရမည်။

၉။ တွင်းတူးစင်များသို့ လောင်စာဆီ လွှဲပြောင်းမှုဆောင်ရွက်ရာတွင် အန္တရာယ်ကင်းရှင်းရေးနှင့်ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေးအတွက် လိုအပ်သော အစီအမံများ ဆောင်ရွက်ထားရှိရမည်။

**ရေထုညစ်ညမ်းမှု တုံ့ပြန်ဆောင်ရွက်ရေး အစီအမံများ**

၁၀။ မြန်မာ့ရေပြင်တွင် ရေယာဉ်ချင်းကပ်လျက် လွှဲပြောင်းမှု လုပ်ငန်းများကြောင့် ရေထုညစ်ညမ်းမှု ဖြစ်ပွားလာပါက တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည့် အစီအမံများချမှတ်ဆောင်ရွက်ထားရမည်။ ထိုသို့ဆောင်ရွက်ရာတွင် အဆိုပါ ရေယာဉ်ချင်းကပ်လျက်လွှဲပြောင်းမှုလုပ်ငန်းများ ဆောင်ရွက်မည့် သင်္ဘောပိုင်ရှင်များ၊ ငှားရမ်းပြေးဆွဲသူများနှင့် ရေနံကုမ္ပဏီများ အစရှိသည့် သင်္ဘောလုပ်ငန်းဆောင်ရွက်သူများအနေဖြင့် မိမိကိုယ်ပိုင်ဖြစ်စေ၊ ပုဂ္ဂလိက ကန်ထရိုက် အဖွဲ့အစည်းတစ်ခုခုနှင့် စာချုပ်ချုပ်ဆို၍ဖြစ်စေ မတော်တဆ ရေနံယိုဖိတ်မှု ဖြစ်ပွား လာပါက ချက်ခြင်းတုံ့ပြန်ဆောင်ရွက်နိုင်ရန် စီမံထားရှိရမည်။

၁၁။ အပိုဒ်(၁၀)ပါ လိုအပ်ချက်များအား လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အမျိုးသားအဆင့် ရေထုညစ်ညမ်းမှု တုံ့ပြန်ဆောင်ရွက်ရေး စီမံချက် (National Contingency Plan for Marine Pollution) ပါ ပြဋ္ဌာန်းချက်များအား လိုက်နာဆောင်ရွက်ရမည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးခွန် သတ်မှတ်ခြင်း**

၁၂။ **ရေယာဉ်ချင်းကပ်လျက်လွှဲပြောင်းမှု လုပ်ငန်းများကြောင့်** ရေထုညစ်ညမ်းမှု မတော်တဆဖြစ်ပွားနိုင်ခြေ ရှိသည့်အလျောက် ပတ်ဝန်းကျင်နှင့် ရေထုညစ်ညမ်းမှု ကာကွယ်ထိန်းသိမ်းရေးအတွက် အခါအားလျော်စွာ ကုန်စည်လွှဲပြောင်းမှု ပမာဏအလိုက် ဆီတင်ဆောင်လာသည့် ရေယာဉ်များက ပေးဆောင်ရမည့် အခွန်နှုန်းထားများအား ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်နိုင်သည်။

**ခွင့်ပြုချက်လျှောက်ထားခြင်း**

၁၃။ အပိုင်း(၁)ပါ လိုအပ်ချက်များအတိုင်း မြန်မာ့ရေပြင်အတွင်း ရေနံ (သို့မဟုတ်) ရေနံထွက်ကုန်စည် (သို့မဟုတ်) ဓာတ်ငွေ့ရည် (သို့မဟုတ်) လောင်စာဆီများအား ရေယာဉ်ချင်း ကပ်လျက်

လွှဲပြောင်းမှု လုပ်ငန်းများအတွက် အောက်ဖော်ပြပါအတိုင်း ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနသို့ လိပ်မူ၍ ခွင့်ပြုချက်ရယူ/လျှောက်ထားနိုင်သည်-

| ဌာနအမည် | ဆက်သွယ်ရန် |
|---|---|
| ရေကြောင်း အန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဌာနခွဲ၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ | သဘော်ာကျင်းလမ်း၊ ယမုံနာရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။ |
| Email:<br>Telephone:<br>Fax: | sse@dma.gov.mm<br>+95 1 556097<br>+95 1 397641 |

**ခွင့်ပြုချက်လျှောက်ထားရာတွင် လိုအပ်သည့်အချက်များ**

၁၄။ ရေယာဉ်ချင်းကပ်လျက်လွှဲပြောင်းမှု အတွက် ခွင့်ပြုချက် လျှောက်ထားရာတွင် မတော်တဆ ဆီယိုဖိတ်မှုအန္တရာယ်မှ ကာကွယ်တားဆီးနိုင်ရန်အတွက် အောက်ဖော်ပြပါ အချက်အလက်များအား ပူးတွဲ ပေးပို့ရန် လိုအပ်ပါသည်-

(က) ရေယာဉ်များ၏ သက်သေခံလက်မှတ်များ၊

(ခ) ရေယာဉ်မှူး သို့မဟုတ် ရေယာဉ်ပိုင်ရှင်မှ မိမိရေယာဉ်သည် ရေယာဉ်ချင်းကပ်လျက် လွှဲပြောင်းမှု ဆောင်ရွက်ရန် အတွက် လုံလောက်သော အစီအမံများ ထားရှိပြီးကြောင်း ဂတိ ဝန်ခံချက်၊

(ဂ) ရေယာဉ်ချင်းကပ်လျက်လွှဲပြောင်းမှု ဆောင်ရွက်မည့် ဝန်ထမ်းစာရင်း၊

(ဃ) အဆိုပါ ဝန်ထမ်းများ၏ လုပ်သက်နှင့် ကျွမ်းကျင်မှု လက်မှတ်များ၊ (Chapter 1 of the ICS/OCIMF Guide အားကိုးကားရန်)

(င) လွှဲပြောင်းမည့် ကုန်စည်၏ ဝိသေသ၊

(စ) လုပ်ငန်းဆောင်ရွက်မည့် နေရာ၊

(ဆ) အန္တရာယ်ကင်းရှင်းရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ (Chapter 3, ICS/OCIMF Guide အားကိုးကားရန်)

(ဈ) ဆက်သွယ်ရေးစနစ် အစီအမံများ၊ (Chapter 4, ICS/ OCIMF Guide ကိုးကားရန်)

(ည) လုပ်ငန်းခွင် ပြင်ဆင်ထားရှိမှုများ၊ (Chapter 5, ICS/ OCIMF Guide ကိုးကားရန်)

(ဋ) ရေယာဉ်ကိုင်တွယ်မောင်းနှင်ခြင်း၊ ကြိုးချည်ခြင်းနှင့် ရေယာဉ်ကြားခံ အစီအမံများ၊ (Chapter 6, ICS/OCIMF Guide ကိုးကားရန်)

(ဌ) ရေယာဉ်ချင်းယှဉ်ကပ်ရန်နှင့် ကပ်လျက်လွှဲပြောင်းမှုအတွက် စီမံခန့်ခွဲရန် လုပ်ထုံးလုပ်နည်းများ၊ (Chapter 7, ICS/OCIMF Guide ကိုးကားရန်)

(ဍ) ရေယာဉ်မှကြိုးဖြုတ်ထွက်ခွာခြင်း အစီအမံများ၊ (Chapter 8, ICS/ OCIMF Guide ကိုးကားရန်)

(ဎ) အသုံးပြုမည့် ပစ္စည်းကိရိယာများ၊ (Chapter 9, ICS/ OCIMF Guide ကိုးကားရန်)

(ဏ) လုပ်ငန်းဆောင်ရွက်ချိန်တွင် ရှိမည့် ရာသီဥတု အခြေအနေ (လှိုင်းအမြင့် ၂ မီတာနှင့်အထက် သို့မဟုတ် လေတိုက်နှုန်း ၂၀ မိုင်နှုန်းထက် ကျော်လွန်ပါက ဆောင်ရွက်ခွင့်မပြု)

(တ) အောက်ပါအခြေအနေများအတွက် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးစီမံချက်-

(၁) ရာသီဥတု ဖောက်ပြန်ခြင်း၊

(၂) ကြိုးပြတ်ခြင်း၊

(၃) တိုက်ခိုက်မှု စသည်တို့ကြောင့် ဆီယိုဖိတ်ခြင်း နှင့်

(၄) မီးလောင်ခြင်း

(ထ) ဆီယိုဖိတ်မှု တုံ့ပြန်ဆောင်ရွက်ရေး စီမံချက်၊ (ရေပြင်နှင့် ကမ်းခြေအတွက်ပါ တုံ့ပြန် ဆောင်ရွက်မည့် ရေယာဉ် - Response vessel နှင့် ပစ္စည်းကိရိယာများ)

(ဒ) ဆီယိုဖိတ်မှု ဖြစ်ပွားပါက ဆယ်ယူဖယ်ရှားမည့် ရေယာဉ် (Recovery vessel) နှင့် တုံ့ပြန်ဆောင်ရွက်ရေး အဖွဲ့နှင့် ပစ္စည်းကိရိယာများ။

၁၅။ လျှောက်လွှာပါ အသေးစိတ် အချက်အလက်များအား ရေကြောင်းညွှန်ကြားမှုဦးစီးဌာနရှိ ရေကြောင်းဌာနခွဲနှင့် ရေကြောင်းအင်ဂျင်နီယာဌာနခွဲများရှိ စစ်ဆေးရေးမှူးများ ထံသို့လည်းကောင်း၊ မြန်မာနိုင်ငံရေကြောင်းရဲတပ်ဖွဲ့နှင့် တပ်မတော်(ရေ) သို့လည်းကောင်း ဖြန့်ဝေပေးသွားမည်ဖြစ်ပါသည်။

**စစ်ဆေးခြင်း**

၁၆။ ရေယာဉ်ချင်းကပ်လျက် လွှဲပြောင်းမှုအတွက် ကနဦးစစ်ဆေးရန်ဖြစ်စေ၊ လုပ်ငန်းဆောင်ရွက်စဉ်ဖြစ်စေ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ စစ်ဆေးရေးမှူးများ စေလွှတ်နိုင်သည်။

**ဆီယိုဖိတ်မှု တုံ့ပြန်ဆောင်ရွက်ရေးရေယာဉ်နှင့် ရှင်းလင်းဖယ်ရှားရေး ကိရိယာများ**

၁၇။ ရေယာဉ်ချင်းကပ်လျက်လွှဲပြောင်းမှုအတွက် ကုန်စည်ပမာဏပေါ်လိုက်၍ ဆီယိုဖိတ်မှု တုံ့ပြန် ဆောင်ရွက်ရေးနှင့် ရှင်းလင်းဖယ်ရှားရေး အတွက် လုံလောက်သော ပစ္စည်းကိရိယာများ လုံလောက်စွာ စီမံထားရှိရမည်။ ဆီယိုဖိတ်မှု တုံ့ပြန်ဆောင်ရွက်ရေးရေယာဉ် (Oil Recovery Vessel) သည် အောက်ပါလိုအပ်ချက်များကို ဆောင်ရွက်နိုင်ရမည်-

(က) ရေပြင်မှဆယ်ယူရရှိသည့် ဆီပမာဏအား သိုလှောင်သယ်ယူနိုင်ရမည်၊

(ခ) လှိုင်းအမြင့် (၂) မီတာရှိသော အခြေအနေထိ ယိုဖိတ်ဆီများအား ပြန်လည်ဆယ်ယူနိုင်စွမ်းရှိရမည်၊

(ဂ) ယိုဖိတ်ဆီအားလုံးအား ထိန်းထားနိုင်သည့် Oil Boom များပါရှိရမည်၊

(ဃ) Oil Boom နှင့် ဆီယိုဖိတ်မှုပြန်လည် ဆယ်ယူရေးလုပ်ငန်းများအတွက် အန္တရာယ်ကင်းစွာဆောင်ရွက်နိုင်ရန် လေ့ကျင့်ထားသော လူစွမ်းအား အရင်းအမြစ်ပါရှိရမည်။

**ရေကြောင်းအန္တရာယ်ကင်းရှင်းရေး သတိပေးချက် ထုတ်ပြန်ခြင်း**

၁၈။ အတည်ပြုချက် ရရှိထားသည့် ရေယာဉ်ချင်းကပ်လျက် လွှဲပြောင်းမှု မစတင်မီ အချိန်အတွင်း VHF ရေဒီယိုမှ ရေကြောင်းအန္တရာယ်ကင်းရှင်းရေး သတိပေးချက် ထုတ်ပြန်ကြေညာရမည်။ အဆိုပါ သတိပေးချက်တွင် အောက်ပါအချက်များ ပါဝင်စေရမည်-

(က) လုပ်ငန်းဆောင်ရွက်မည့် ရေယာဉ်အမည်များ၊

(ခ) ရေယာဉ်ခုတ်မောင်းသွားလာမည့် ဧရိယာနှင့် ရေယာဉ်ချင်းကပ်လျက် လွှဲပြောင်းမှုဆောင်ရွက်မည့် နေရာအတိအကျ နှင့်

(ဂ) စတင်ဆောင်ရွက်မည့်အချိန်နှင့် ပြီးစီးမည့်အချိန်၊

**အန္တရာယ်ကင်းရှင်းရေး အဓိကအချက်များ**

၁၉။ ရေယာဉ်ချင်းကပ်လျက်လွှဲပြောင်းမှု ဆောင်ရွက်ရာတွင် လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေကြသူများအကြား ရှင်းလင်းတိကျ ပြတ်သားသည့် ထိရောက်သော ဆက်သွယ်ရေးစနစ်တစ်ခု ထူထောင်ထားရှိရန် မရှိမဖြစ်လိုအပ်သည်။ စီမံချက်ရေးဆွဲရာတွင် သင့်လျော်ပြီး အပြန်အလှန် နားလည်သည့် ဘာသာစကားအား သုံးစွဲရန်နှင့် ပဲ့ထိန်းစဉ်နှစ်ခု၏ အဖွဲ့ဝင်များ၏ အခန်းကဏ္ဍနှင့်ဖွဲ့စည်းထားပုံများကို ထည့်သွင်းစဉ်းစားရမည်။ ရေယာဉ်ချင်းကပ်၍ ကြိုးချည်ရန်ဖြစ်စေ၊ ကြိုးဖြုတ်ထွက်ခွာရန်ဖြစ်စေ ဆောင်ရွက်ခြင်းမပြုမီ ဝန်ထမ်းများအား လုပ်ငန်းစဉ်အကြောင်း ကြိုတင်၍ ရှင်းလင်း ပြောကြားထားရမည်။

**ကင်းလွတ်ခွင့်**

၂၀။ ရေယာဉ်ချင်းကပ်လျက်လွှဲပြောင်းမှု အစီအမံများမှ ကင်းလွတ်ခွင့်ပြုရန် လျှောက်ထားခြင်းအတွက် ကိစ္စတစ်ခုချင်းအလိုက် စိစစ်ခွင့်ပြုနိုင်သည်။

မောင်မောင်ဦး
ညွှန်ကြားရေးမှူးချုပ်